# လူထုဆောင်ရွက်နိုင်သော အလုံးစုံ သန့်ရှင်းရေးလုပ်ငန်းစဉ်

# Community Approach Total Sanitation (CATS)

# (Virtual Training)

## Objectives

- ရပ်ရွာအတွင်း ပြည်သူလူထုဦးဆောင်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်ရှင်းသော ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လာစေရန်။
- ယင်လုံအိမ်သာသုံးစွဲရာတွင် စနစ်တကျမှုမှန်သော အလေ့အထကောင်းများရရှိလာပြီး မစင်မှတဆင့် ကူးစက်တတ်သောရောဂါများ ဖြစ်ပွားမှုလျော့နည်း ကျဆင်းပပျောက်လာစေရန်။
- တောထိုင်ဓလေ့ကင်းဝေးစေရန်။
- CATS သဘောတရားနှင့်လုပ်နည်းလုပ်ဟန်များကို ကောင်းစွာသဘောပေါက်နားလည်စေရန်။
- CATS လုပ်နည်းလုပ်ဟန်များကို လက်တွေ့ကွင်းဆင်း လေ့လာဆောင်ရွက်ခြင်းဖြင့် ကျွမ်းကျင်စွာ တတ်မြောက်လာပြီး ဆက်လက်ဆောင်ရွက်သွားနိုင်စေရန်။
- ကွင်းဆင်းဆောင်ရွက်သည့်နေ့များတွင်လူထုဆောင်ရွက်နိုင်သောအလုံးစုံသန့်ရှင်းရေးလုပ်ငန်းများဖော်ထုတ်ဆောင်ရွက်ခြင်းအစီအစဉ်များတွင်လူထုကတက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်လာမှုနှင့် လူထုကိုယ်တိုင်၏ ဆုံးဖြတ်ချက်များကို တွေ့မြင်လာစေရန်နှင့်ကျေးရွာသန့်ရှင်းရေးလုပ်ငန်းများအတွက် သဘာဝခေါင်းဆောင်များ ပေါ်ထွက်လာခြင်းကိုစုစည်း၍ လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်စေရန်။
- ကွင်းဆင်းဆောင်ရွက်သည့် ကျေးရွာများတွင် ပြင်ပတွင် မစင်စွန့်သော အလေ့အထများ ကင်းစင်သည့် (Open Defecation Free) သန့်ရှင်းသော ကျေးရွာများ ပေါ်ပေါက်

လာကာအခြားကျေးရွာများကလည်းသတိပြုမိ၍ ပုံ့နှံ့ဆောင်ရွက်လာစေရန်နှင့် အခြားဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုစေနိုင်ရန်။

- မြန်မာနိုင်ငံမြို့နယ် ဒေသအသီးသီးတွင် လူထုဆောင်ရွက်နိုင်သော အလုံးစုံသန့်ရှင်းရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ခြင်းအစီအစဉ်များ ပိုမိုတိုးချဲ့ဆောင်ရွက်လာနိုင်စေရန်။
- သက်ဆိုင်ရာဌာန အသီးသီးနှင့် လူမှုရေး၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းအသီးသီးတို့၏ အကောင်အထည်ဖော်ဆောင်ရွက်သည့် လူထုဆောင်ရွက်နိုင်သော အလုံးစုံသန့်ရှင်းရေးလုပ်ငန်းများ ဖော်ထုတ်ဆောင်ရွက်ခြင်းအစီအစဉ် အတွေ့အကြုံအပေါ်မူတည်၍ မြန်မာနိုင်ငံနှင့် သင့်လျော်သောပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာ မဟာဗျူဟာများ ပြုပြင်ပြောင်းလဲချမှတ်လာနိုင်စေရန်။